# သင်ခန်းစာပြင်ဆင်ရန်လျာထားချက်အကျဉ်းချုပ်

## ၁၃။ အိမ်များ

### ပထမပတ်

| စာသင်ချိန် | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|---|
| ၉း၁၅-၁၀း၁၅ | - "လ"ဗျည်း(ကဗျာ) ရွတ်ဆိုခြင်း<br>- "လ"ဗျည်းကို အရစ်အဆွဲမှန်စွာ အစက်ချထားသော အက္ခရာပေါ်တွင် ရေးစေခြင်း<br>- 'လမင်းထဲကယုန်ကလေး'(ကဗျာ) ကိုရွတ်ဆိုခြင်း (ပြောဆိုဆက်သွယ်) | - နှစ်သက်ရာ(ပုံပြင်)ပါ ရုပ်ပုံများကိုကြည့်စေခြင်း<br>- ဗျည်း(၃၃)လုံးကို အသံနှင့်အမည်များရွတ်ဆိုခြင်း<br>- "သ"ဗျည်းကိုလေးကြောင်းမျဉ်းပေါ်တွင်အရစ်အဆွဲမှန်စွာရေးခြင်း (ပြောဆိုဆက်သွယ်) | - "လ"ဗျည်း (ကဗျာ) ရွတ်ဆိုခြင်း<br>- "လ"ဗျည်းကို လေးကြောင်းမျဉ်းပေါ်တွင် အရစ်အဆွဲမှန်စွာရေးခြင်း<br>- ကျောပေါ်တွင် အက္ခရာရေးခြင်းကစားနည်း (ပြောဆိုဆက်သွယ်) | - "ယ"ဗျည်း (ကဗျာ) ရွတ်ဆိုခြင်း<br>- "ယ"ဗျည်းကို အရစ်အဆွဲမှန်စွာအစက်ချထားသော အက္ခရာပေါ်တွင် ရေးစေခြင်း<br>- 'လမင်းထဲကယုန်ကလေး' (ကဗျာ)ကို ရွတ်ဆိုခြင်း (ပြောဆိုဆက်သွယ်) | - "ဟ"ဗျည်း (ကဗျာ) ရွတ်ဆိုခြင်း<br>- "ဟ"ဗျည်းကို အရစ်အဆွဲမှန်စွာအစက်ချထားသော အက္ခရာပေါ်တွင်ရေးခြင်း<br>- ဗျည်း(၃၃)လုံး ကို အသံနှင့် အမည်ရွတ်ဆိုခြင်း (ပြောဆိုဆက်သွယ်) |
| ၁၀း၄၅-၁၁း၁၅ | - "G"အက္ခရာကို ရွေးချယ်ခြင်း<br>- "G"အက္ခရာကို အစက်များပေါ်တွင်ထပ်ရေးခြင်း (ပြောဆိုဆက်သွယ်) | - "G"အက္ခရာကို လေးကြောင်းမျဉ်းတွင် ရေးခြင်း<br>- "One,Two" ကဗျာရွတ်ဆိုခြင်း (ပြောဆိုဆက်သွယ်) | - "J"အက္ခရာကို ရွေးချယ်ခြင်း<br>- "J"အက္ခရာကို အစက်များပေါ်တွင် ထပ်ရေးခြင်း (ပြောဆိုဆက်သွယ်) | - "J"အက္ခရာကို လေးကြောင်းမျဉ်းတွင်ရေးခြင်း<br>- အက္ခရာများကို ဆက်ဆွဲ၍ ပုံဖော်ခြင်း (ပြောဆိုဆက်သွယ်) | - "P"အက္ခရာကို ရွေးချယ်ခြင်း<br>- "P"အက္ခရာကို အစက်များပေါ်တွင် ထပ်ရေးခြင်း (ပြောဆိုဆက်သွယ်) |
| ၁၁း၁၅-၁၁း၄၅ | - ဘာပုံလဲဆိုတာ ခန့်မှန်းခြင်း<br>- အိမ်ပုံတွင် ဘာတွေတွေ့လဲ ပြောခြင်း (ပတ်ဝန်းကျင်လောက) | - မိမိတို့အိမ်ပုံကို နှစ်ယောက်တွဲ၍ ပြောခြင်း<br>- "လယ်စောင့်တဲ" ကဗျာရွတ်ဆိုခြင်း (ပတ်ဝန်းကျင်လောက) | - အိမ်အမျိုးအစားများကိုလေ့လာခြင်း(ပတ်ဝန်းကျင်လောက) | - အိမ်အမျိုးအစားများ ပြောခြင်း<br>- (ပတ်ဝန်းကျင်လောက) | - ဘာတွေတူသလဲ၊မတူဘူးလဲပြောခြင်း<br>- တူညီသောအိမ်ပုံနှစ်ခုမှ ကွဲပြားချက်ကိုရှာဖွေခြင်း(ပတ်ဝန်းကျင်လောက) |

DBE BOX

| စာသင်ချိန် | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|---|
| ၁၁း၄၅-၁၂း၁၅ | - နေ့အချိန်နှင့်ည အချိန်ကို ဆွေးနွေးခြင်း (သင်္ချာ) | - "ဝက်သုံးကောင်" ပုံပြင်ပြောခြင်း (ပတ်ဝန်းကျင် လောက) | - "လက်မထောင် တမ်း"ကစားခြင်း<br>- နေ့ဘက်၊ညဘက် တွင်လုပ်သော အလုပ်များကို ဆွေးနွေးခြင်း (သင်္ချာ) | - ၁မှ၂၀အထိ ရေတွက်ခြင်း (သင်္ချာ) | - အိမ်ပုံများမှ တူညီသော အစိတ်အပိုင်း များကိုပြောခြင်း |
| ၁၃း၃၀-၁၄း၀၀ | - အိမ်ပုံကူးဆွဲခြင်း (အနုပညာရသ) | - ပုံဆွဲခြင်း (အနုပညာရသ) | - "လယ်စောင့်တဲ" ကဗျာကိုအမူအ ရာဖြင့်သီဆိုခြင်း (အနုပညာရသ) | - အများဆုံး တွေ့ရသော အိမ်ပုံဆွဲခြင်း (အနုပညာရသ) | - "ဝက်သုံးကောင်" ပုံပြင်ပါဇာတ် လမ်းအတိုင်း သရုပ်ဆောင်ခြင်း (အနုပညာရသ) |

DBE BOX

# သင်ခန်းစာပြင်ဆင်ရန်လျာထားချက်အကျဉ်းချုပ်

## ၁၃။ အိမ်များ

**ဒုတိယပတ်**

| စာသင်ချိန် | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|---|
| ၉း၁၅-၁၀း၁၅ | - နှစ်သက်ရာ(ပုံပြင်)ပါရုပ်ပုံများကိုကြည့်၍ ထင်မြင်ချက်များပြောခြင်း<br>- "ယ"ဗျည်းကိုလေးကြောင်းမျဉ်းပေါ်တွင်အရစ်အဆွဲမှန်စွာရေးခြင်း (ပြောဆိုဆက်သွယ်) | - အက္ခရာတူဝေါဟာရများဖော်ထုတ်ကစားနည်းဖြင့်ကစားခြင်း<br>- "ဟ"ဗျည်းကိုလေးကြောင်းမျဉ်းပေါ်တွင်အရစ်အဆွဲမှန်စွာရေးခြင်း (ပြောဆိုဆက်သွယ်) | - "စ"ဗျည်း(ကဗျာ)ရွတ်ဆိုခြင်း<br>- "စ"ဗျည်းကိုအရစ်အဆွဲမှန်စွာအစက်ချထားသောအက္ခရာပေါ်တွင်ရေးခြင်း<br>- ညောင်ဝေါင်ညောင်ဝေါင်(ကဗျာ)ကိုရွတ်ဆိုခြင်း (ပြောဆိုဆက်သွယ်) | - "ဓ"ဗျည်း(ကဗျာ)ရွတ်ဆိုခြင်း<br>- "ဓ"ဗျည်းကိုအရစ်အဆွဲမှန်စွာအစက်ချထားသောအက္ခရာပေါ်တွင်ရေးခြင်း<br>- ညောင်ဝေါင်ညောင်ဝေါင်(ကဗျာ)ကိုရွတ်ဆိုခြင်း (ပြောဆိုဆက်သွယ်) | - "ကျောင်းနေစ" ကဗျာရွတ်ဆိုခြင်း<br>- နှစ်သက်ရာ(ပုံပြင်)ကိုဆရာကပြောခြင်း<br>- "စ"ဗျည်းကိုလေးကြောင်းမျဉ်းပေါ်တွင်အရစ်အဆွဲမှန်စွာရေးခြင်း (ပြောဆိုဆက်သွယ်) |
| ၁၀း၄၅-၁၁း၁၅ ဒုတိယဘာသာစကား | - "P"အက္ခရာကိုလေးကြောင်းမျဉ်းတွင်ရေးခြင်း<br>- အက္ခရာများကိုဆက်ဆွဲ၍ပုံဖော်ခြင်း | - "R"အက္ခရာကိုရွေးချယ်ခြင်း<br>- "R"အက္ခရာကိုအစက်များပေါ်တွင်ထပ်ရေးခြင်း | - "R"အက္ခရာကိုလေးကြောင်းမျဉ်းတွင်ရေးခြင်း<br>- အက္ခရာများကိုဆက်၍ပုံဖော်ခြင်း | - "U"အက္ခရာကိုရွေးချယ်ခြင်း<br>- "U"အက္ခရာကိုအစက်များပေါ်တွင်ထပ်ရေးခြင်း | - "U"အက္ခရာကိုလေးကြောင်းမျဉ်းတွင်ရေးခြင်း<br>- ဆေးခြယ်ခြင်း |
| ၁၁း၁၅-၁၁း၄၅ | - အိမ်ပုံကြည့်၍ပြောစေခြင်း (ပတ်ဝန်းကျင်လောက) | - အိမ်ကဗျာရွတ်ဆိုခြင်း<br>- အိမ်ပုံများကိုလေ့လာ၍ဆွေးနွေးခြင်း (ပတ်ဝန်းကျင်လောက) | - မီး၊လျှပ်စစ်နှင့်ပတ်သက်သည့်အန္တရာယ်များကိုဆွေးနွေးခြင်း (ကိုယ်စိတ်နှ[illegible]) | - "အိမ်"ကဗျာရွတ်ဆိုခြင်း<br>- အိမ်တွင်ပြုလုပ်သောအလုပ်များကိုဆွေးနွေးခြင်း (စာရိတ္တ၊ မိတ္တ) | - "တာဝန်ကိုယ်စီ" ကဗျာရွတ်ဆိုခြင်း<br>- မိသားစုဝင်များ၏တာဝန်များကိုဆွေးနွေးခြင်း (စာရိတ္တ၊ မိတ္တ) |

| စာသင်ချိန် | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|---|
| ၁၁း၄၅-၁၂း၁၅ | - နေ့ဘက်တွင် လုပ်သောအလုပ်များကိုပြောပြခြင်း (သင်္ချာ) | - မီး၊လျှပ်စစ် ကစားခြင်းဆိုင်ရာ ရုပ်ပုံများကို လေ့လာခြင်း (ကိုယ်စိတ်နှစ်ဖြာ) | - "တို့တာဝန်" ကဗျာရွတ်ဆိုခြင်း<br>- အလုပ်တာဝန်များကိုဆွေးနွေးခြင်း (ကိုယ်စိတ်နှစ်ဖြာ) | - ညဘက်တွင်လုပ်သောအလုပ်များ ပြောပြခြင်း (သင်္ချာ) | - တစ်နေ့တာလုပ်ဆောင်မှုများကို ဖော်ထုတ်ခြင်း (သင်္ချာ) |
| ၁၃း၂၀-၁၄း၀၀ | - မိမိနေလိုသော အိမ်ပုံစိတ်ကြိုက်ရေးဆွဲခြင်း (အနုပညာရသ) | - ရောင်စုံစက္ကူများဖြင့် အိမ်ပုံစံဖော်၍ဖြတ်၊ ညှပ်၊ ကပ်ခြင်း (အနုပညာရသ) | - အိမ်ကဗျာကို အမူအရာဖြင့် သီဆိုခြင်း (အနုပညာရသ) | - တည်ဆောက်ပစ္စည်းများသုံး၍ အိမ်ပုံစံတည်ဆောက်ခြင်း (အနုပညာရသ) | - "တာဝန်ကိုယ်စီ" ကဗျာကို ဟန်အမူအရာဖြင့် သီဆိုခြင်း (အနုပညာရသ) |

DBE BOX

**ပထမပတ်**

**တနင်္လာနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။"လ"ဗျည်းကိုအသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ **"လ"ဗျည်း(ကဗျာ)ရွတ်ဆိုခြင်း (၁၅မိနစ်)**

- ယခင်သင်ကြားပြီးသောဗျည်းကဗျာရွတ်ဆိုနည်းအတိုင်းရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"လ"ဗျည်းကို အရစ်အဆွဲမှန်စွာရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**"လ"ဗျည်းကိုအရစ်အဆွဲမှန်စွာအစက်ချထားသောအက္ခရာပေါ်တွင်ရေးစေခြင်း(မိနစ်၃၀)**

- ယခင်သင်ကြားပြီးသော ဗျည်းအက္ခရာများ ရေးနည်းအတိုင်းရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ကဗျာများကိုအမူအရာဖြင့်မှန်ကန်သွက်လက်စွာရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"လမင်းထဲကယုန်လေး"ကဗျာရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသော ကဗျာရွတ်ဆိုနည်းအတိုင်းရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ "G"အက္ခရာကို ရွေးချယ်တတ်ရန်။

လုပ်ငန်းစဉ်။ ။ **"G"အက္ခရာကို ရွေးချယ်ခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့်အက္ခရာ ရွေးချယ်နည်းအတိုင်း ရွေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"G" အက္ခရာကို အစက်များပေါ်တွင် ထပ်ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**"G"အက္ခရာကို အစက်များပေါ်တွင်ထပ်ရေးခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့် အစက်များပေါ်တွင်ထပ်ရေးနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အိမ်အမျိုးအစားအမျိုးမျိုးရှိကြောင်းပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**ဘာပုံလဲဆိုတာ ခန့်မှန်းခြင်း (၁၅ မိနစ်)**

- အိမ်ပုံကြီးကြီးကို မဂ္ဂဇင်းများ၊ သတင်းစာ၊ ......စသည်တို့မှ ရှာပြီး ဖြတ်ညှပ်၍သင်ပုန်းပေါ်ကပ်ထားပါ။
- (မိမိတို့နေထိုင်ရာဒေသတွင် ရှိသော အိမ်ပုံစံမျိုးဖြစ်ပါက ပို၍ ကောင်းမွန်ပါသည်။)
- ပုံကို စာရွက်ပိုင်းငယ်ကလေးများဖြင့် ဖုံးကာထားပါ။
- ဖုံးထားသော စာရွက်ပိုင်း တစ်ခုစီကို ဖယ်ပြီးတိုင်း ဘာပုံဖြစ်မလဲဟု တစ်ခါမေးပါ။
- စာရွက်အားလုံးကုန်သွားသည့်အခါ ဘာပုံတွေ့လဲဟုမေးပါ။

**အိမ်ပုံတွင် ဘာတွေတွေ့လဲ ပြောခြင်း (၁၅ မိနစ်)**

- အိမ်ပုံဖြစ်ကြောင်းဖော်ထုတ်ပြီးပါက ကလေးများ ပုံတွင်မြင်ရသည်များကို တွေ့မြင်သည့်အတိုင်း ပြောပါစေ။

(ဥပမာ-ခေါင်မိုး၊ ပြတင်းပေါက်၊ တဲအိမ်၊ တစ်ထပ်အိမ်၊နှစ်ထပ်အိမ်၊...စသည်ဖြင့်)

(မိမိနေထိုင်သော အိမ်ပုံစံကို မှတ်သားခဲ့ရန် မှာကြားလိုက်ပါ။)

အသေးစိတ်သင်ယူမှုရလဒ်။ ။နေ့အချိန်နှင့် ညအချိန်ကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**နေ့အချိန်နှင့် ညအချိန်ကိုဆွေးနွေးခြင်း (မိနစ် ၃၀)**

- နေ့တွင်မြင်တွေ့နိုင်သောအရာများ(ဥပမာ- တိမ်၊ ငှက်များပျံသန်း နေပုံ၊ နေသာ နေပုံ) နှင့် ညတွင်မြင်တွေ့နိုင်သောအရာများ (ဥပမာ- လနှင့် ကြယ်များပုံ၊

ဖယောင်းတိုင် ထွန်းထားပုံ)တို့ကို သင်ပုန်းတွင်ဆွဲပါ။

- ဆရာဆွဲထားသောပုံသည် နေ့အချိန်လား၊ ညအချိန်လားဟုမေးပါ။
- ကလေးများ၏ အဖြေပေါ်မူတည်၍ အဘယ်ကြောင့်ထိုသို့ ဖြေရသည်ကို မေးပါ

**အသေးစိတ်သင်ယူမှုရလဒ်။ ။အိမ်ပုံကို ကူးဆွဲတတ်ရန်။**

လုပ်ငန်းစဉ်။ ။**အိမ်ပုံကူးဆွဲခြင်း (မိနစ် ၃၀)**

- "ဘာပုံလဲဆိုတာ ခန့်မှန်းခြင်း"တွင် အသုံးပြုခဲ့သောအိမ်ပုံကို သင်ပုန်းတွင် ကပ်ပါ။
- ကလေးများအား အိမ်ပုံကို ကူးဆွဲပါစေ။
- စိတ်ကြိုက်ဆေးရောင်ခြယ်ပါစေ။
- အခန်းနံရံတွင် ကပ်ထားပါစေ။

**အင်္ဂါနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။ပုံပြင်များကို ခန့်မှန်းပြောတတ်ရန်။

လုပ်ငန်းစဉ်။ ။**နှစ်သက်ရာပုံပြင်ပါ ရုပ်ပုံများကိုကြည့်စေခြင်း (၁၅မိနစ်)**

- ယခင်သင်ခဲ့ပြီးသောပုံပြင်ပြောနည်းအတိုင်း ပြုလုပ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ဗျည်းအက္ခရာများ၏ အသံနှင့်အမည်များရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**ဗျည်း(၃၃)လုံးကို အသံနှင့်အမည်များရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ဗျည်း(၃၃)လုံးကတ်ပြားကို သင်ပုန်းပေါ်တွင်ကပ်ပြီး တစ်လုံးချင်းထောက်၍ ဆိုပြပါ။
- ၎င်းနောက် ဆရာကတိုင်ပေးပြီး ကလေးများအားလိုက်ဆိုပါစေ။
- ဆရာကကတ်ပြားပေါ်ရှိဗျည်းများကို အစဉ်လိုက်ထောက်ပြပြီး ကလေးများနှင့်အတူ ရွတ်ဆိုပါစေ။
- ကလေးတစ်ဦးကို အတန်းရှေ့ထွက်စေ၍ ကတ်ပြားရှိ ဗျည်းများကို အစဉ်လိုက် ထောက်စေပြီး တစ်တန်းလုံးနှင့်အတူ ရွတ်ဆိုပါစေ။
- အချိန်ကုန်သည်အထိ ကလေးများအလှည့်ကျပြုလုပ်ပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"သ"ဗျည်းကို အရစ်ဆွဲမှန်စွာ ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**"သ"ဗျည်းကိုလေးကြောင်းမျဉ်းပေါ်တွင်အရစ်အဆွဲမှန်စွာရေးခြင်း (မိနစ်၃၀)**

- ယခင်သင်ကြားပြီးသောဗျည်းအက္ခရာများရေး နည်းအတိုင်းရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"G"အက္ခရာကို ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**"G"အက္ခရာကို လေးကြောင်းမျဉ်းတွင်ရေးဆွဲခြင်း (၁၀ မိနစ်)**

- ယခင်သင်ပြီးသည့်အက္ခရာများကိုလေးကြောင်းမျဉ်းပေါ်တွင်ရေးဆွဲနည်းအတိုင်း ရေးပါစေ။

**အသေးစိတ်သင်ယူမှုရလဒ်။ ။ One,Two ကဗျာကို အမူအရာဖြင့် ရွတ်ဆိုတတ်ရန်။**

လုပ်ငန်းစဉ်။ ။ One, Two**ကဗျာရွတ်ဆိုခြင်း (၁၅ မိနစ်)**

- One,Two ကဗျာကို **အမူအရာဖြင့် ရွတ်ဆိုပါစေ။**

အသေးစိတ်သင်ယူမှုရလဒ်။ ။**အိမ်အမျိုးအစား အမျိုးမျိုးရှိကြောင်းပြောပြတတ်ရန်။**

လုပ်ငန်းစဉ် ။ ။ **မိမိတို့အိမ်ပုံကိုနှစ်ယောက်တွဲ၍ပြောခြင်း (၁၅ မိနစ်)**

- ဆရာက ကလေးများကို နှစ်ယောက်တစ်တွဲ တွဲပေးပါ။

- အတွဲအချင်းချင်း မိမိတို့၏ အိမ်အမျိုးအစားကိုပြောပါစေ။
- အတွဲတစ်တွဲအား မိမိတို့အချင်းချင်းပြောခဲ့သော အိမ်အမျိုးအစားကို အတန်းရှေ့ထွက်၍ ပြောပါစေ။

(အချိန်ပေါ်မူတည်၍ ကျန်အတွဲများအား အလှည့်ကျ ပြောခိုင်းနိုင်ပါသည်။)

- **လယ်စောင့်တဲ ကဗျာရွတ်ဆိုခြင်း (၁၅ မိနစ်)**

**လယ်စောင့်တဲ**

မိုးရေတက်ရေ တဖွေးဖွေး
ကွင်းကျယ် အဝေးဝေး
လယ်စောင့်တဲလေး ခြေတံရှည်
မိုးကုပ်အောက်မှာတည်
ကြာနီတစ်ပွင့် ဖြူတစ်ပွင့်
တဲနှင့် ပန်းသင့်။

- ကဗျာတွင်ပါဝင်သော အိမ်ပုံကိုဖော်ထုတ်ပါစေ။

လုပ်ငန်းစဉ်။ ။ **ဝက်သုံးကောင်ပုံပြင်ပြောခြင်း (မိနစ် ၃၀)**

- ဝက်သုံးကောင်ပုံပြင်ကိုဖတ်ပြပါ။
- ပုံပြင်တွင်ပါသော ဝက်ကလေးများ၏ အိမ်အမျိုးအစားများကို ပြောပါစေ။

မှတ်ချက်။ ။ဆရာက အိမ်ပုံအမျိုးမျိုးကို ကြိုတင်စုဆောင်းထားပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။မိမိအိမ်ပုံကို ပုံဆွဲဖော်ပြတတ်ရန်။

လုပ်ငန်းစဉ်။ ။ **ပုံဆွဲခြင်း (မိနစ် ၃၀)**

- ကလေးများအား မိမိအိမ်ပုံကို ပုံဆွဲဖော်ပြပါစေ။
- ဆွဲထားသောပုံကို အရောင်ခြယ်ပါစေ။
- အခန်းနံရံတွင် ကပ်ထားပါစေ။

**ဗုဒ္ဓဟူးနေ့**

**အသေးစိတ်သင်ယူမှုရလဒ်။** ။"လ"ဗျည်းကိုအသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"လ"ဗျည်းကဗျာရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသောဗျည်းကဗျာရွတ်ဆိုနည်းအတိုင်းရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ "လ" ဗျည်းကို အရစ်အဆွဲမှန်စွာ ရေးဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ ။**"လ"ဗျည်းကို လေးကြောင်းမျဉ်းပေါ်တွင် အရစ်အဆွဲမှန်စွာရေးခြင်း (မိနစ် ၃၀)**

- ယခင်သင်ကြားပြီးသော ဗျည်းအက္ခရာများရေးနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အာရုံစူးစိုက်မှုစွမ်းရည်တိုးတက်စေရန်။

လုပ်ငန်းစဉ်။ ။ **ကျောပေါ်တွင် အက္ခရာရေးခြင်းကစားနည်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသော ကျောပေါ်တွင် အက္ခရာရေးခြင်း ကစားနည်းအတိုင်း ကစားပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ "၂"အက္ခရာကို ရွေးချယ်တတ်ရန်။

လုပ်ငန်းစဉ်။ ။ "၂"**အက္ခရာကို ရွေးချယ်ခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့်အက္ခရာ ရွေးချယ်နည်းအတိုင်း ရွေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"၂"အက္ခရာကို အစက်များပေါ်တွင် ထပ်ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။"၂"အက္ခရာကို အစက်များပေါ်တွင်ထပ်ရေးခြင်း (၁၅ မိနစ်)

- ယခင်သင်ပြီးသည့် အစက်များပေါ်တွင်ထပ်ရေးနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အိမ်အမျိုးအစားအမျိုးမျိုးရှိကြောင်းပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။အိမ်အမျိုးအစားများကိုလေ့လာခြင်း (မိနစ် ၃၀)

- ကလေးများအား အိမ်ပုံများလေ့လာပါစေ။ (ဆရာက ကြိုတင်စုဆောင်းထားသော အိမ်ပုံအမျိုးမျိုးကို ကလေး အားလုံးမြင်နိုင်သည့်နေရာတွင် ထားပါ။)
- အိမ်ပုံများကိုလေ့လာ၍အိမ်အမျိုးအစားများကိုပြောပါစေ။ (တစ်ထပ်အိမ်၊ နှစ်ထပ်အိမ်၊ အထပ်မြင့်၊ တိုက်အိမ်၊. . . စသည်ဖြင့်)
- မိမိတို့၏နေအိမ်အမျိုးအစားနှင့်တူမတူနှိုင်းယှဉ်ကြည့်ပါစေ။
- "လယ်စောင့်တဲ" ကဗျာနှင့် "ဝက်သုံးကောင်" ပုံပြင်တွင်ပါသော အိမ်အမျိုးအစားများကို သင်ပုန်းပေါ်ရှိအိမ်ပုံများထဲမှ ရှာပါစေ။ (မိမိပတ်ဝန်းကျင်တွင်ရှိသောအိမ်ပုံများကိုလေ့လာခဲ့ရန်မှာပါ။)

အသေးစိတ်သင်ယူမှုရလဒ်။ ။နေ့ဘက်တွင် လုပ်လေ့ရှိသော အလုပ်များနှင့် ညဘက်တွင်လုပ်လေ့ရှိသော အလုပ်များကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။လက်မထောင်တမ်းကစားခြင်း (၁၅ မိနစ်)

- ဆရာပြောသော လုပ်ငန်းသည် နေ့ဘက်တွင်လုပ်သော လုပ်ငန်းဖြစ်ပါက လက်မထောင်ပြီး နေ့ဘက်ဟုပြောစေ၍ ညဘက်တွင်လုပ်သော လုပ်ငန်းဖြစ်ပါက လက်မကို အောက်သို့စိုက်ပြီး ညဘက်ဟု ပြောပါစေ။
- ဆရာက နေ့ဘက်တွင် လုပ်သောအလုပ်နှင့် ညဘက်တွင်လုပ်သော အလုပ်များကို ကျပန်းပြောပါ။ (ဥပမာ- အိမ်ပြတင်းတံခါးများဖွင့်သည်၊ ကျောင်းသွားသည်၊ မီးထွန်းသည်၊ မီးဖွင့်သည်၊ ဘောလုံးကန်သည်၊ . . . စသည်ဖြင့်) (မှတ်ချက်။ ။ဆရာက နေ့ဘက်နှင့် ညဘက်ကွဲပြားစေသော လုပ်ငန်းများကို ပြောပါ။)

နေ့ဘက်/ညဘက်တွင်ပြုလုပ်သောအလုပ်များကိုဆွေးနွေးခြင်း (၁၅မိနစ်)

- ကလေးများအား နေ့ဘက်တွင် လုပ်လေ့ရှိသော အလုပ်တစ်ခုနှင့် ညဘက်တွင် လုပ်လေ့ရှိသော အလုပ်တစ်ခုစီကို အလှည့်ကျပြောပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"လယ်စောင့်တဲ" ကဗျာကို အမူအရာဖြင့် သီဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။"လယ်စောင့်တဲ" ကဗျာကို အမူအရာဖြင့် သီဆိုခြင်း (မိနစ် ၃၀)

- "လယ်စောင့်တဲ" ကဗျာကို သီဆိုပြပါ။ ကလေးများအား လိုက်ဆိုပါစေ။
- ဆရာက "လယ်စောင့်တဲ" ကဗျာကို အမူအရာဖြင့် သီဆိုပြပါ။
- ကလေးများအား နှစ်သက်ရာ အမူအရာဖြင့် ကဗျာကို သီဆိုပါစေ။

**ကြာသပတေးနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။"ယ"ဗျည်းကိုအသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။"ယ"ဗျည်းကဗျာရွတ်ဆိုခြင်း (၁၅ မိနစ်)

- ယခင်သင်ကြားပြီးသည့်ဗျည်းကဗျာများ ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"ယ" ဗျည်းကို အရစ်အဆွဲမှန်စွာ ရေးဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ယ"ဗျည်းကိုအရစ်အဆွဲမှန်စွာအစက်ချထားသောအက္ခရာပေါ်တွင်ရေးစေခြင်း(မိနစ် ၃၀)**

- ယခင်သင်ကြားပြီးသောဗျည်းအက္ခရာများရေးနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ကဗျာများကိုအမူအရာဖြင့်မှန်ကန်သွက်လက်စွာရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"လမင်းထဲကယုန်ကလေး"ကဗျာရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသောကဗျာများ ရွတ်ဆိုနည်းအတိုင်းရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ "၂" အက္ခရာကို ရေးဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ ။ **"၂"အက္ခရာကို လေးကြောင်းမျဉ်းတွင်ရေးဆွဲခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့်အက္ခရာများကိုလေးကြောင်းမျဉ်းပေါ်တွင်ရေးဆွဲနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ အက္ခရာအမည်များကို ပြောတတ်ရန်။

လုပ်ငန်းစဉ်။ ။ **အက္ခရာများ ကိုဆက်ဆွဲ၍ ပုံဖော်ခြင်း (၁၅ မိနစ်)**

- ကလေးများအား စာလုံးများကို (၂)ခေါက် ရွတ်ဆိုပါစေ။
- လုပ်ငန်းပေးစာအုပ်တွင် ရှိသော "အစက်တွေကို ဆက်ဆွဲပါ" ရုပ်ပုံကိုဆွဲပါစေ။
- အစက်များ ဆက်ဆွဲပြီး ရရှိလာသောပုံကို ကလေးများအား မေးပါ။
- ကလေးများပြောသော အဖြေကို ဆရာက လက်ခံပြီး ချီးကျူးပေးပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။မိမိတို့ရပ်ရွာဒေသတွင်အများဆုံးတွေ့ရသောအိမ်အမျိုးအစားများကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**အိမ်အမျိုးအစားများပြောခြင်း (မိနစ် ၃၀)**

- ဆရာက ကလေးများကိုအုပ်စုများဖွဲ့ပါ။
- အုပ်စုအတွင်း မိမိတို့ ပတ်ဝန်းကျင်တွင် လေ့လာခဲ့သော အိမ်များကို ပြောပါစေ။
- အုပ်စုလိုက် လေ့လာခဲ့သော အိမ်အမျိုးအစားများကို အလှည့်ကျပြောပါစေ။
- ဆရာက သင်ပုန်းတွင်ရေးသား၍မှတ်သားထားပါ။
- ကလေးများပြောသော အိမ်အမျိုးအစားများမှ မိမိတို့ရပ်ရွာဒေသတွင် အများဆုံး တွေ့ရသော အိမ်အမျိုးအစားကို ဖော်ထုတ်ပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ပတ်ဝန်းကျင်ရှိ အရာဝတ္ထုများကိုရေတွက်ပြီး ကိန်းဂဏန်းအမည်များကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**(၁)မှ (၂၀) အထိရေတွက်ခြင်း (မိနစ် ၃၀)**

- စာသင်ခန်းအတွင်း ရနိုင်သော ပစ္စည်းများကို အသုံးပြု၍ (၁)မှ (၂၀)အထိ ကိန်းများကို ရေတွက်ပါစေ။
- ကလေးများအား ၎င်းတို့အိမ်တွင်ရှိသော မိသားစုဦးရေ၊ ခြံဝင်းထဲရှိ အပင်အရေအတွက်၊ စာသင်ခန်းထဲရှိ စာသင်ခုံအရေအတွက်. . . စသည်တို့ကို မေးပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။မိမိပတ်ဝန်းကျင်ရှိ အများဆုံးတွေ့ရသော အိမ်ပုံရေးဆွဲတတ်စေရန်။

လုပ်ငန်းစဉ်။ ။**အများဆုံးတွေ့ရသော အိမ်ပုံဆွဲခြင်း (မိနစ် ၃၀)**

- ကလေးများအား စာရွက်ဖြူနှင့် ရောင်စုံ ဖယောင်းများ ဝေပေးပါ။

DBE BOX